
# အရေးအကြီးဆုံးအလုပ်

လူထက်လူ




ထိန်းသိမ်းဆင်ခြင် သတိဝင်

၂၁၃

လူလောကတွင် နေထိုင်သူ မှန်သမျှသည် စိုးရိမ်ထိတ်လန့်မှု၊ လိုချင်တောင့်တမှု၊ ပူပန်ဆင်းရဲမှုတို့နှင့် မလွဲမသွေတွေ့ကြုံနေကြရလေသည်။ မလန့်ချင်၊ မပူချင်၊ မဆင်းရဲချင်ပါက ပြုလုပ်ဆောင်ရွက်ရန် တစ်ခုတည်းသာရှိ၏။ နေ့စဉ် ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို ပြုလုပ်နေကြရာ ကာယကံသုံးပါး ဖြစ်သော. . .

ပါဏာတိပါတ - သူ့အသက်သတ်ခြင်း။
အဒိန္နာဒါန - သူ့ပစ္စည်းခိုးခြင်း။
ကာမေသုမိစ္ဆာစာရ - ကာမဂုဏ်တို့၌အမှားကျင့်ခြင်း။

တို့ကို ရှောင်ရမည်ပင်ဖြစ်သည်။

ထိုသုံးပါးကို ကိုယ်နှင့်သာ ပြုလုပ်၏။ စိတ်နှင့်လုပ်၍မရ၊ နှုတ်နှင့် လုပ်၍မရ။ ထို့ကြောင့် ပထမကာယကံကို ကောင်းမွန်အောင် သူ့အသက်သတ်၊ သူ့ပစ္စည်းခိုး၊ သူ့မယားပစ်မှားသော ကာယကံကို ဦးစွာရှောင်ကြဉ်ရပေမည်။


ကာယကံမှ ထက်ပြုကျင့်လွယ်သော မကောင်းမှုမှာ ဝစီကံပင် ဖြစ်သည်။ နှုတ်ဖြင့် နေ့စဉ်ပြောဆိုဆောင်ရွက်နေကြရာ. . .

ဖရုသဝါစာ -သူတစ်ပါးအား ဆဲရေးခြင်း။
ပိသုနဝါစာ - လူနှစ်ဦးမတည့်အောင် ဂုံးချောခြင်း။
သမ္ဖပ္ပလ္လာပဝါစာ - အကျိုးမရှိ အနှစ်မဲ့စကား ပြောခြင်း။
မုသာဝါစာ - မဟုတ်မမှန်ပြောခြင်း။

တို့ကို ရှောင်ရှားနိုင်ဖို့ လိုအပ်ပေသည်။

ကာယကံနှင့် ဝစီကံကို စင်ကြယ်အောင်ရှောင်နိုင်ပြီဆိုလျှင်ပင် လူတစ်ဦးသည် အကုသိုလ်အမှု၌ နှုတ်၊ ကိုယ်တို့ဖြင့် မလုပ်သောကြောင့် မကောင်းသောဘဝ မကောင်းသော အဖြစ်သို့ မရောက်နိုင်တော့ပေ။

ထို့ထက် သိမ်မွေ့သည်မှာကား မနောကံအမှုပင် ဖြစ်သည်။ မိမိစိတ်ထဲတွင် ဖြစ်ဖြစ်လာသော စိတ်ကို ဆင်ခြင်၍. . .



အဘိဇ္ဈာ -သူတစ်ပါးအား မနာလိုခြင်း။
ဗျာပါဒ -သောကပူပန်ခြင်း။
မိစ္ဆာဒိဋ္ဌိ -အယူမှားခြင်း တို့ကို ဆင်ခြင်နိုင်လျှင်ကား ထိုသူသည်. . .

“ကံသုံးပါးဖြင့်၊ ပစ်မှားမရှိ
သမာဓိဖြင့်၊ သတိသမ္ပဇဉ်
ကိုယ်၌ယှဉ်လျက်”

ဟူသော ရှင်မဟာရဋ္ဌသာရ၏ကိုးခန်းပျို့လာ စကားအတိုင်း ကံသုံးပါးစင်ကြယ်သူ ဖြစ်သွားပေမည်။ ကံသုံးပါးစင်ကြယ်လျှင် သမာဓိဟု ခေါ်သော စိတ်တည်ငြိမ်မှုကို ရနိုင်မည်ဖြစ်သည်။ ‘သမာဓိ’ ရှိလာလျှင် စိတ်ကလေးမှာ တည်ငြိမ်အေးချမ်းနေမည်သာဖြစ်သည်။

မိမိစိတ်၌တုန်လှုပ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ပူပန်ခြင်းတို့သည် ထိုအခါတွင်မှ ကင်းငြိမ်းချမ်းသာသွားမည် ဖြစ်၏။ ထို့ကြောင့် လူသည် မိမိကိုယ်ကို ချစ်သည်ဆိုပါက မိမိဘဝအတွက် မကောင်းကျိုးကိုဖြစ်သော ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို ဆင်ခြင်ထိန်းသိမ်းရှောင်ရှားသင့်ကြလေတော့၏။

ဝစီကံအတွက် ပရိတ်တရားတော်များကို ရွတ်ဖတ်ခြင်း၊ မေတ္တာပို့ခြင်းဖြင့် ထိန်းနိုင်၏။ ကာယကံအတွက် ရိုသေထိုက်သူကို ရိုသေခြင်း၊ ဘုရားတရား၊ သံဃာတို့ကို ပူဇော်ကန်တော့ခြင်းဖြင့် ထိန်းနိုင်၏။ မနောကံအတွက် မိမိအတွေးတွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့ကို အမြဲမပျက် ပွားများအားထုတ်ခြင်းဖြင့် ထိန်းသိမ်းဆင်ခြင်နိုင်လေသည်။

ဤသို့ ထိန်းသိမ်းဆင်ခြင်ခြင်းဖြင့် ဘဝတွင် အောင်မြင်သော လူတော်လူကောင်းတစ်ဦး ဖြစ်လာနိုင်ပေလိမ့်မည်။

လူထက်လူ